PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

စစ်တွေတွင် လူအုပ်စုဖြင့် အကြမ်းဖက်ခြင်းအပေါ် အမေရိကန် ပြည်ထောင်စုက လွန်စွာစိုးရိမ်ပူပန်ခြင်း

မတ် ၂၇၊ ၂၀၁၄

ရန်ကုန် – ကုန်ခဲ့သောနေ့က စစ်တွေမြို့တွင် နိုင်ငံတကာ အင်နဂျီအိုများကို ပစ်မှတ်ထားကာ လူအုပ်စုဖြင့် အကြမ်းဖက်ခြင်းကြောင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးပြီး အနည်းဆုံး အမေရိကန် သုံးဦးအပါအဝင် နိုင်ငံတကာ အကူအညီပေးရေးလုပ်သားများကို ဘေးကင်းလုံခြုံရာသို့ အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရခြင်းအပေါ် မိမိတို့က လွန်စွာ စိုးရိမ်ပူပန်မိပါသည်။

ဒေသခံအာဏာပိုင်များက လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်မှုအချို့ရှိသော်ငြား စစ်တွေမြို့တွင် လူသားချင်းစာနာထောက်ထားသော အကူအညီများပေးနေသည့် လုပ်သားများ၏ လုံခြုံရေးအတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်တစ်ဝန်း အကြမ်းဖက်မှုများ ပျံ့နှံ့ဖြစ်ပွားမှုကို တားဆီးရန်လည်းကောင်း၊ အကူအညီပေးရေးလုပ်သားများ၊ သူတို့၏ ရုံးများနှင့် ဒေသတွင်း အကာအကွယ်မဲ့နေသော တခြားသူများကို ကာကွယ်ပေးရန်လည်းကောင်း၊ လုံလောက်သော လုံခြုံရေးတပ်ဖွဲ့များချထားမှုမရှိသေးခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းများအပေါ် မိမိတို့က လွန်စွာစိုးရိမ်ပူပန်လျက်ရှိပါသည်။ လိုအပ်နေသော လူအဖွဲ့အစည်းများသို့ လူသားချင်းစာနာထောက်ထားသော အကူအညီများကို အတားအဆီးမဲ့ ပုံမှန်ရောက်ရှိနိုင်ရန်နှင့် လူသားချင်းစာနာထောက်ထားသော အကူအညီပေးနေသည့် လုပ်သားများ ဘေးကင်းလုံခြုံစွာဖြင့် ဤဝန်ဆောင်မှုများကို ထိရောက်စွာပေးပို့နိုင်ရန်တို့သည် နိုင်ငံတကာ၏ ပဓာနကျသောမူများပင် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ရခြင်းအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် ရေရှည်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေတစ်ရပ်ကို ဖန်တီးရန်အလို့ငှာ ကြာရှည်တည်တံ့သော ဖြေရှင်းချက်တစ်ရပ် ရရှိရေးအတွက် လုပ်ဆောင်ပါရန် မိမိတို့က ပြည်ထောင်စုအစိုးရကို ဆက်လက်၍ အားပေးတိုက်တွန်း အပ်ပါသည်။ ဤကြိုးစားအားထုတ်မှုများအတွက် အမေရိကန်ပြည်ထောင်စုက ကူညီရန် အဆင်သင့်ရှိနေပါသည်။

###